ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၆ - ၂၀၁၇)

Village Development Plan (VDP)

ဟိုဂျစ် ကျေးရွာ၊ ဟိုဂျစ် ကျေးရွာအုပ်စု၊ မယ်စဲ့ မြို့နယ်

## မာတိကာ


၁။ မယ်စဲ့ မြို့နယ်မြေပုံ

၂။ဟိုဂျစ် ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)


၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ မယ်စဲ့ မြို့နယ်မြေပုံ



မယ်စဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးလက်ရေပေးရေးအခြေပြမြေပုံ
ရည်ညွှန်းချက်
စိမ့်စမ်း ( ၁၂ ) ခု
အခြား ( ၃ ) ခု
ကျေးရွာချင်းဆက်လမ်းများ
မြို့နယ်နမိတ်
5 0 5 10 15 20 km

## ၂။ ဟိုဂျစ် ကျေးရွာမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | ကျ | မ | ပေါင်း |
| ၁ | လမ်းဆုံ | 45 | 115 | 117 | 232 |
| ၂ | လယ်တော | 15 | 48 | 49 | 97 |
| ၃ | ဟိုဂျစ် | 63 | 168 | 158 | 326 |
| | စုစုပေါင်း | 123 | 331 | 324 | 655 |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)


ကယားပြည်နယ် ၊ မယ်စဲ့မြို့နယ် ၊ ဟိုဂျစ်ကျေးရွာအုပ်စု ၊ ဟိုဂျစ်ကျေးရွာသည် မယ်ဆည်နန်ကျေးရွာ အလွန် မှ ဟိုစဲ့သို့ သွားလာရာအတွက် မြေသားလမ်းဖောက် လုပ်ထားပါ သည်။ မယ်ဆည်နန်လမ်းခွဲမှ (၁၀)မိုင်အကွာတွင် တည်ရှိပါသည်။ ဟိုဂျစ်ကျေးရွာတွင် အိမ်ခြေ (၆၃) အိမ် ရှိပြီး အိမ်ထောင်စု အရေအတွက် အားဖြင့်လည်း (၆၃)စု ရှိသည်။ ကရင် လူမျိုးစုများ နေထိုင်ကြပြီး ခရစ်ယာန် ဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြသည်။ အဓိက အသက်မွေး ဝမ်းကျောင်းအဖြစ် တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ အားလပ်ချိန်များတွင် တောအမဲလိုက်ခြင်း ကိုလည်း လုပ်ကိုင် ကြပါသည်။ တောင်ယာတွင် အဓိက နမ်း နှင့် စပါးတို့ကို စိုက်ပျိုးကြသည်။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၀ | ၂၂ | ၄၂ | ကျေးရွာအတွင်းရှိ အိမ်ခြေ များ၊ လက်ရှိ သဘာဝအရင်းအမြစ်များ အား အသုံးချမှု အခြေအနေများ နှင့် သဘာဝဘေး အန္တရာယ်များအား ဖော်ထုတ်ခြင်း။ |
| ၂ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၀ | ၂၂ | ၄၂ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာ စံနှုန်း အပေါ်အခြေခံပြီး လူနေမှု အဆင့်အတန်း များသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၀ | ၂၂ | ၄၂ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝအရင်းအမြစ်များအပေါ် အမျိုးသမီးများ နှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ် မှုများအား ဖော်ထုတ်ခြင်း |
| ၄ | ကျား-မ ရေးရာ ကဏ္ဍ # ၂ (ပင့်ကူအိမ်) | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၀ | ၂၂ | ၄၂ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး မှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြပြက္ခဒိန် | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၀ | ၂၂ | ၄၂ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ရာသီအလိုက် ဆောင်ရွက်သော လုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအား ဖော်ထုတ် ခြင်း။ |
| ၆ | အဖွဲ့အစည်းများချိတ်ဆက်မှုပြ ဗင်းပုံစံ | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၀ | ၂၂ | ၄၂ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်း များ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင် ရွက်မှုများ နှင့် အကျိုးဆက်များအား ဖော်ထုတ်ခြင်း။ |


## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ




ဟိုဂျစ်ကျေးရွာတွင် အိမ်ခြေ (၆၃) အိမ်ရှိပြီး အိမ်ထောင်စုမှာ (၆၃ ) အိမ်ထောင်စု ရှိကာ လူဦးရေအားဖြင့် (၂၄၆)ဦး ခန့်ရှိပါသည်။ အဓိက အသက်မွေး ဝမ်းကျောင်း အနေဖြင့် တောင်ယာ နှင့် လယ်လုပ်ငန်းကို လုပ်ကိုင် ကြပြီး စပါးနှင့် နှမ်းကို အဓိက စိုက်ပျိုး ကြပါသည်။ ကျေးရွာတွင် မူလတန်း ကျောင်း နှင့် မူကြိုကျောင်း ရှိပါသည်။ သဘာဝ စိမ့်စမ်းရေအား ရေသွယ် သုံးကြပြီး မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြပါသည်။ သစ်တောအရင်းအမြစ်များ နှင့် ဝါးရုံတောများမှာ လွန်ခဲ့သော (၅)နှစ်ထက်စာလျှင် အလွန် နည်းပါးလာသည်။ သဲအရင်းအမြစ် ကို ချောင်းသဲ မှထုတ်ယူသုံးစွဲကြသည်။ ကျေးရွာတွင် နှစ်ခြင်းဘာသာကို အများဆုံးကိုးကွယ်ကြပြီး ဗုဒ္ဓဘာသာ(၁) အိမ်၊ RC ဘာသာ (၃)အိမ် ရှိပါသည်။ ရေပေးဝေရေး လုပ်ငန်း ဆောင်ရွက်ပြီး ဖြစ် သော်လည်း ရေစုကန် မရှိ၍ လူဦးရေတိုးလာသောကြောင့် ရေအရင်းမြစ်မှ ပေးဝေရာ အခက်အခဲ ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းလည်း ရှိပါသည်။

## (ခ) ဥစ္စာခနေကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း




ဟိုဂျစ်ကျေးရွာတွင် ဥစ္စာခနေ ကြွယ်ဝမှုပြဇယားအရ ပြေလည် အုပ်စု၊ အသင့်အတင့် အုပ်စု၊ အတော်အတင့်နှင့် အဆင်မပြေလည်သော အုပ်စုဟူ၍ အုပ်စုလေးမျိုး ရှိပါသည်။ ပြေလည် အုပ်စုတွင်ဆိုင်၊ မြီ ၊ နွား၊ ကျွဲ၊ ကား၊ ဆိုင်ကယ်၊ ပျဉ်ထောင်အိမ် အပိုဝင်ငွေပိုရှိပြီး စီးပွားရေး အခြေ အနေအရ ပြေလည်ကြပါသည်။ အိမ်ခြေ (၄) အိမ်ရာခိုင်နှုန်းအားဖြင့် (၆.၁၅)ရှိပါသည်။ အသင့် အတင့် အုပ်စုတွင် အိမ်ခြေ(၁၀)ခန့် ရှိပြီး ဆိုင်ကယ်၊ ကျွဲ၊ နွား၊ ဈေးဆိုင်အငယ်စား၊ တောင်ယာ၊ လယ်၊ ပျဉ်ထောင်အိမ် တို့ကို ပိုင်ဆိုင်ကြပါသည်။ အတော်အသင့် အုပ်စုတွင် နေအိမ်များကို ပျဉ်အိမ် ဖက်မိုးတို့ဖြင့် ဆောက်လုပ်ကြပါသည်။ ကျွဲ၊ နွားအနည်းငယ် မွေးမြူကြသည်။ တောင်ယာ၊ လယ် တို့ကို လုပ်ကိုင်ကြသည်။ အဆင်မပြေသော အိမ်ထောင်စု များတွင် လက်လုပ်လက်စား၊ တနေ့လုပ် တနေ့စားဖြင့် လုပ်ကိုင် ရှာဖွေ စားသောက် ကြရပါသည်။ ဖက်မိုး၊ တဲအိမ် များဖြင့် ဆောက်လုပ် နေကြပါသည်။ အိမ်ထောင်အမျိုးသား မရှိတော့သည့် အမျိုးသမီးများတွင် ပိုမို အခက် အခဲများရှိပါသည်။

## (ဂ) ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)




ပိုင်ဆိုင်မှုသုံးသပ်ချက်အရ အမျိုးသားများ ထိန်ချုပ်သုံးစွဲသော အရာများမှာ ဘောလုံးကွင်း၊ ကျွဲ၊ နွား၊ လယ်ထွန်စက်၊ သစ်ခုတ်ခြင်း၊ အမဲလိုက်ခြင်း တို့ဖြစ်ကြသည်။ ယက္ကန်း၊ ဖက်ကောက်၊ ငရုတ်သီးရူး ခြင်းတို့ကို အမျိုးသမီးများမှ ထိန်းချုပ်လုပ်ကိုင်ကြပြီး သုံးစွဲကြသည်။ တောင်ယာ၊ လယ်၊ လမ်း၊ ဈေးဆိုင်၊ နှမ်းရိတ်ခြင်း တို့ကို အမျိုးသားနှင့် အမျိုးသမီးများအတူ ထိန်းချုပ်ကြပြီး သုံးစွဲကြပါသည်။

(ဃ) ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)



ပင့်ကူအိမ်သုံးသပ်ချက်အရ ဝမ်ကန်ကျေးရွာ အိမ်မှုကိစ္စအရာတွင် အမျိုးသမီးသာ များပြားပြီး အမျိုးသား အနည်းစုသာ ရှိကြပါသည်။ အမျိုးသားများသည် တောလိုက်ခြင်း နှင့် အခြား ဝင်ငွေတို့ကို ရှာဖွေရခြင်းဖြင့် အိမ်မှုကိစ္စတွင် ပါဝင်မှု အားနည်း ကြပါသည်။ အမျိုးသမီး များတွင် ဝင်ငွေအနည်းငယ်သာ ရှိပြီး အမျိုးသားများ ဝင်ငွေသည် (၅)%သာ ရှိသည်။ ပညာရေး တွင်လည်း အမျိုးသား၊ အမျိုးသမီး တန်းတူနီးပါးဖြစ်ပြီး အခက်အခဲရှိလာပါက အမျိုးသမီးများအား ပညာသင်ကြားမှုကို ဦးစားပေးထား ကြပါသည်။ ဦးဆောင်မှုအပိုင်း၊ ဆုံးဖြတ်ချက်ချရာ တို့တွင် အမျိုးသမီးများသည် စိုးရိမ်တတ်ခြင်း၊ ယုံကြည်ချက် အားနည်းနေမှု များကြောင့် အမျိုးသားများ ကိုသာ အားကိုးကြသည်ကို တွေ့ရှိရသည်။ ကျန်းမာရေး လက်လှမ်းမှီတွင် အမျိုးသမီးများ အစည်း ဝေးဟောပြောပွဲများတွင် ပိုမိုတတ်ရောက်ကြ သောကြောင့် ကျန်းမာရေ အကြောင်း ပိုမို သိရှိ နားလည် ကြသည်။

## (င) ရာသီခွင်ပြဇယား



ဝမ်ကန်ကျေးရွာတွင် ရာသီခွင်ပြဇယားအရ ရာသီဥတုအနေအထားမှာ ပုံမှန်ရှိပြီး ဇူလိုင် နှင့်ဩဂုတ်၊ စက်တင်ဘာ လ တို့တွင် မိုးများသည်။ ကျေးရွာ၏ ရာသီဥတုသည် (ဧပြီ၊ မေ၊ ဇွန်)လများတွင် ပူပြင်းပြီး (နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ) တွင် အေးသော ရာသီရှိပါသည်။ မိုးရာသီ တွင် သောက်သုံးရေ လုံလောက်မှုရှိသော်လည်း နွေအခါတွင် သောက်သုံး ရေဖူလုံရန် အခက်အခဲများ ရှိသည်။ တစ်ရွာလုံး တောင်ယာလုပ်ငန်းကိုသာ အဓိက လုပ်ကိုင် စားသောက် ကြရပါသည်။ အင်ဖက်ကောက်ခြင်း၊ ယက္ကန်းယက်ခြင်းလုပ်ငန်းများကိုလည်း အမျိုးသမီးများကသာ အနည်းငယ် လုပ်ကိုင်ကြသည်။ သီးနှံရောင်းချ ချိန်တွင် ဝင်ငွေ အများဆုံး ရရှိချိန် ဖြစ်ပြီး စိုက်ပျိုးချိန်တွင် ထွက်ငွေ အများဆုံးအချိန် ဖြစ်သည်။ ကျန်းမာရေးတွင်လည်း ရာသီကူးပြောင်းချိန်များတွင် နာစေး၊ ချောင်းဆိုးနှင့် တုတ်ကွေးအဖြစ် များသည်။ နွေရာသီတွင် သွားလာရေး လွယ်ကူ သော်လည်း မိုးရာသီတွင် သွာလာရန် အခက်အခဲရှိပါသည်။ ပွဲတော်များကို ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲတော် နှင့်ဇန်နဝါရီလတွင် ကရင်နှစ်သစ်ကူးပွဲတော်များကို ပြုလုပ်ကျင်းပကြပါသည်။

## (စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ်




ဟိုဂျစ်ကျေးရွာတွင် ဗင်းပုံစံချိတ်ဆက်မှုအရ

၁။ ကျေးရွာအတွင်းအုပ်ချုပ်ရေးအဖွဲ့

၂။ အမျိုးသမီးများစွမ်းဆောင်ရည်ရည်မြင့်တင်ရေးအဖွဲ့

၃။ မြစိမ်းရောင်အဖွဲ့အစည်း

၄။ Pact Myanmar အဖွဲ့


၅။ CHDN


၆။ S/C

၇။ KSYN

၈။ KWO အဖွဲ့တို့ ဖြစ်ကြသည်။ အဖွဲ့အစည်းများသည် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ဦးစွာ ချိတ်ဆက်ပြီး လူထုနှင့်ပူးပေါင်းဆောင်ရွက်မှု တို့ပြုကြပါသည်။ ကျေးရွာတွင် အဖွဲ့အစည်းများက သက်ဆိုင်ရာ ကော်မတီများကို ဖွဲ့စည်းထားပါသည်။ ကျေးရွာ ကော်မတီများမှ ဦးဆောင်ကြပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ကြပါသည်။


## (ဆ) အခက်အခဲများနှင့်ပြဿနာများ






ဟိုဂျစ်ကျေးရွာသည် မယ်ဆည်နန်ကျေးရွာအလွန်မှ လမ်းဖောက်လုပ်ထားပြီး နွေအခါတွင် သွားလာရ လွယ်ကူပြီး ရာသီတွင် သွားလာရန် ခက်ခဲသည်။ မိုးရာသီတွင် သောက်သုံးရေ ဖူလုံမှုရှိပြီး နွေအခါရေ မလုံလောက်သော အခက်အခဲပြဿနာများ ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း ရှိပါသော်လည်း ဆေးဝါးလုံလောက်မှုမရှိသဖြင့် ကျန်းမာရေး အခက်အခဲများလည်း အဆင်ပြေမှု နည်းပါးပြီး မယ်စဲ့သို့ သွားရောက် ကုသရပါသည်။ ယခင် ဆောင်ရွက်ထားပြီး (Invertor နှင့် Controller) တို့မှာ မကောင်းတော့ သဖြင့် မီးလင်းရေး အခက် အခဲများ လည်း ရှိပါသည်။ ဆက်သွယ်ရေးလိုင်း မရရှိ၍ အရေးပေါ်ကိစ္စရပ်များ အတွက် ပိုမို အခက်အခဲ ဖြစ်စေပါသည်။ ရွာတွင်းလမ်းများသွားလာရာတွင် လျှပ်စစ်မီးများ မရှိသည့်အတွက် အဆင်ပြေမှု မရှိသည့် အခက်အခဲများလည်း ရှိပါသည်။ အဓိက တောင်ယာ လုပ်ငန်းကိုသာ လုပ်ကိုင် ရသည့်အတွက် ရာသီဥတု မမှန်ကန်မှုတို့ကြောင့် သီနှံများအထွက် နည်းသဖြင့် စားဝတ် နေရေးအခက်အခဲများကိုလည်း ကြုံတွေ့ရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း နည်းပညာ နည်းပါးမှုတို့ကြောင့် လုပ်ငန်းကို ဖိဖိစီးစီး မလုပ်နိုင်သော အခက်အခဲများလည်း တွေ့ကြုံရပါသည်။


## (၈) မျှော်မှန်းချက်




ဟိုဂျစ်ကျေးရွာ လူထုများသည် အဓိကလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် အတွက် မျှော်မှန်းထားကြပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပါက ကျန်းမာရေး ၊ လူမှုရေး နှင့် ကလေးများအတွက် ပညာရေးများကို အထောက်အကူပြု လာနိုင်မည်ဟု မျှော်မှန်းထားပါသည်။ ကျေးရွာ ဖွံ့ဖြိုးမှုတွင်လည်း အထောက်အကူဖြစ်မည်ဟု မျှော်လင့်ထားပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမို ရရှိလာမည်ဟု မျှော်မှန်းကာ စားဝတ်နေရေးသည် လည်း အဆင်ပြေလာနိုင်မည် ဖြစ်သည်။ တစ်နှစ်ပတ် လုံးသောက်သုံးရေ ဖူလုံစွာ ရရှိစေရန် မျှော်လင့်ထားကြပါသည်။ အရေးပေါ်အချိန်အခါမျိုးတွင် အဆင်ပြေမှုများ ရှိစေရန် ဆက်သွယ်ရေး လိုင်းများ ရရှိချင်ကြပါသည်။ ကျေးလက်ဆေးပေးခန်းတွင်လည်း ကျေးရွာတွင်း ရွာသူ/ရွာသားများ အတွက် ဆေးဝါးအလုံအလောက် ရှိစေချင်ပါသည်။ ကျေးရွာအတွင်း လျှပ်စစ်မီးကိုလည်း ရရှိချင် ပါသည်။ ကျေးရွာအတွက် အားကစားကွင်းလည်း ရှိလာစေရန်နှင့် ပညာရေးတွင် ဖွံ့ဖြိုးတိုးတတ် လာစေရန် အတွက် မျှော်မှန်းထားကြပါသည်။ စိုက်ပျိုးရေအတွက် နည်းလမ်းကောင်းနှင့် နည်းပညာ များလည်း ရရှိချင်ကြပါသည်။

## (ဈ) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း




ဟိုဂျစ်ကျေးရွာ၌ ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ကြရာတွင် မဲပေးစနစ်ဖြင့် ရွေးချယ်ကြ သည်။ ပထမဦးစားပေးအနေဖြင့် ကျေးရွာတွင် ရေခက်ခဲသောကြောင့် ရေပေးဝေရေးလုပ်ငန်းကို ရွေးချယ်ခြင်း ဖြစ်ပါသည်။ ဒုတိယ ဦးစားပေးအနေဖြင့် ကျေးရွာတွင် ကလေးများပြီး စာသင်ရာတွင် နေရာမလုံလောက်တော့ သဖြင့် စာသင်ကျောင်း ဆောင် တိုးချဲ့ခြင်းလုပ်ငန်းကို ရွေးချယ်ခြင်း ဖြစ်ပါ သည်။ ကျေးရွာလမ်း အဆင်ပြေစေရန် အတွက်နှင့် မိုးရာသီကလေးများ ကျောင်းသွား ရာတွင် အဆင်ပြေစေရန် တတိယ ဦးစားပေးအနေဖြင့် ရွာတွင်း ကျောက်ခင်းလမ်းလုပ်ငန်းကို ရွေးချယ် ကြခြင်း ဖြစ်ပါသည်။ စတုတ္ထဦးစားပေးအနေဖြင့် ကျေးရွာ တံတားတည် ဆောက်ရန် ရွေးချယ်ကြပြီး ကျေးရွာသူရွာသားများဗဟုသုတ တိုးပွားစေရန် စာကြည့်တိုက် တည်ဆောက်ခြင်းကို ပဥ္စမဦးစား ပေးနေရာတွင် ဦးစားပေးရွေးချယ်ကြသည်။ ဆဌမဦးစားပေးအနေဖြင့် ကျေးရွာတွင် ပွဲလမ်းသဘင်၊ အစည်းအဝေး များပြုလုပ်ရာတွင် အဆင်ပြေစေရန် ကျေးရွာခန်းမဆောင်ကို ဦးစားပေး ရွေးချယ်ကြပါသည်။ ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်းကို အမျိုးသား၊ အမျိုးသမီးများ အားလုံးလျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ပြီး အတည်ပြုခဲ့ကြပါသည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ



### ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးစောရေကော်ထူး | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | အုပ်စုစာရင်းကိုင် |
| ၂ | နော်စေးရေဝါး | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | ဘဏ္ဍာရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၃ | ဒေါ်နော်ခရစ်အယ်မူး | ငွေစာရင်းကိုင် | |
| ၄ | ဦးစောရေမူး | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၅ | နော်ဆာဆဲကပေါ် | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဦးဂျွန်လိုင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | ဒေါ်နော်သူးခလေး | စောင်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | စောပနီဖိုး | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၉ | ဒေါ်နော်ဆာဘလုဖော | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဦးဂျောစဖာ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၁ | ဒေါ်နှင်းဆီ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၂ | ဦးစောမောင်ကြည်ဘူး | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်နော်ဂေးအယ်မူ | စေတနာ့ဝန်ထမ်း | |

## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|
| [illegible] | | | [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး - ကယား | မြို့နယ် - မယ်စဲ့ | ကျေးရွာအုပ်စု - ပရဲ့ကျစ် | ကျေးရွာ - ပရဲ့ကျစ် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင်---- | ၆၃ | ဘာသာ (၁) ခရစ်ယာန် | ၆၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | (၂၃) | ၁၇၆ ယောက် | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) | |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)-ကရင်- | 168 | 158 | 326 |
| လူမျိုးစု (၂)---------- | | | |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၅၆ | ၇ | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☑ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ☑ (circled)    ကတ္တရာလမ်း    ကွန်ကရစ်လမ်း
မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း    မြေသားလမ်း    လှည်းသွားလမ်း    အခြား

---

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လုထုစပ်ဟို့ပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည် (circled) / မရှိပါ / မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်------ (မသိပါ)
(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/ မပြုခဲ့ပါ / မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ~~၄၀~~ (မသိပါ)

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊ ~~၁း၄၅~~ နာရီ

ခြောက်သွေ့ရာသီတွင်ကြာချိန်-----------------
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -----------------

မိုးရာသီတွင်ကြာချိန်---------------------------
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -----------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် မြေကြီးငလျင်ကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ -----------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာဖွံ့ဖြိုးရေး (ရွာသားများကိုယ်တိုင်)
(၂) Pact Myanmar .

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် ဦး[illegible]

လက်မှတ် [signature] နေ့စွဲ 31.1.2017

လူထုစည်းရုံးရေးမှူး အမည် - ဦး[illegible]

လက်မှတ်- [signature] နေ့စွဲ 31.1.2017

## ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)



ပုံစံ - ၁ ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဝင်းမြင့်ဦး (CF) | | | |
| နေ့စွဲ ၃၁.၁.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ✓ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဟိုဂျစ် | ကျေးရွာ ဟိုဂျစ် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၃၁.၁.၂၀၁၇ | ၃၁.၁.၂၀၁၇ | ၂၀ | ၂၂ | ၄၂ | ၄၂ ကရင် |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၃၁.၁.၂၀၁၇ | ၃၁.၁.၂၀၁၇ | ၂၀ | ၂၂ | ၄၂ | ၄၂ ကရင် |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၇.၂.၂၀၁၇ | ၇.၂.၂၀၁၇ | ၄ | ၄ | ၈ | ၈ ကရင် |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁.၃.၂၀၁၇ | ၁.၃.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၇.၃.၂၀၁၇ | ၂၇.၃.၂၀၁၇ | ၁၂ | ၂၄ | ၃၄ | ၃၆ ကရင် |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း | ၂၈.၃.၂၀၁၇ | ၂၈.၃.၂၀၁၇ | ၆ | ၅ | ၁၁ | ၁၁ ကရင် |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဝင်းမြင့်ဦး (CF) |
| နေ့စွဲ ၃၁.၁.၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) ✓ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား — မြို့နယ် မယ်စဲ့ — ကျေးရွာအုပ်စု ဟိုကျစ် — ကျေးရွာ ဟိုကျစ် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ဆေးဝါးနှင့်ကျန်းမာရေးဝန်ထမ်း မလုံလောက်ခြင်း | ၁ | ဆေးဝါးနှင့်ကျန်းမာရေးဝန်ထမ်း မလုံလောက်ခြင်း |
| ၂ | ကျောင်းဆောင်များ လုံလောက်မှု မရှိခြင်း | ၂ | စိုက်မွေး နည်းပညာ မရှိခြင်း |
| ၃ | စိုက်မွေး နည်းပညာ မရှိခြင်း | ၃ | ဖုန်းလိုင်းမရှိသည့်အတွက် ဆက်သွယ်ရေးခက်ခဲခြင်း |
| ၄ | ဖုန်းလိုင်းမရှိသည့်အတွက် ဆက်သွယ်ရေးခက်ခဲခြင်း | ၄ | လျှပ်စစ်မီး မရရှိခြင်း |
| ၅ | လျှပ်စစ်မီး မရရှိခြင်း | ၅ | လမ်းမကောင်းသောကြောင့် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူခြင်း |
| ၆ | လမ်းကောင်းစွာကြောင့် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူခြင်း | ၆ | အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်း |
| ၇ | အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်း | | |
| | | | |
| | | | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန် မျှော်လင့်ခြင်း | ၁ | အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန် မျှော်လင့်ခြင်း |
| ၂ | ကျောင်းဆောင်များ ဆောက်လုပ်ပေးရန် မျှော်လင့်ခြင်း | ၂ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် |
| ၃ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် | ၃ | ဆက်သွယ်ရေးလိုင်းများ တိုးချဲ့ရန် မျှော်လင့်ခြင်း |
| ၄ | ဆက်သွယ်ရေးလိုင်းများ တိုးချဲ့ရန် မျှော်လင့်ခြင်း | ၄ | ဆေးဝါး လုံလောက်စွာရရှိရန် မျှော်လင့်ခြင်း |
| ၅ | ကျေးရွာတောလုံးကျွင်း တည်ဆောက်ပေးရန် မျှော်လင့်ခြင်း | ၅ | |
| ၆ | ဆေးဝါး လုံလောက်စွာရရှိရန် မျှော်လင့်ခြင်း | | |
| | | | |
| | | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေသန့်ကန် နှင့် ရေပေးဝေရေး | အမျိုးသား + အမျိုးသမီး | ၇၀၀၀၀၀ | ၃၂၆ |
| ၂ | ကျောင်းဆောင်သစ်တိုးချဲ့ ခြင်း | အမျိုးသား | ၁၁၃၀၀၀၀ | ၃၂၆ |
| ၃ | ကျေးရွာလမ်း ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | | ၃၂၆ |
| ၄ | ကျေးရွာတွင်းတံတား ပြုပြင်ခြင်း | အမျိုးသား | | ၃၂၆ |
| ၅ | စာကြည့်တိုက်တည်ဆောက်ခြင်း | အမျိုးသား | | ၃၂၆ |
| ၆ | ခန်းမဆောင်တိုးချဲ့ဆောက်လုပ်ခြင်း | အမျိုးသား | | ၃၂၆ |
| | | | | |
| | | | | |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆက်သွယ်ရေးတာဝါတိုင်ပံ့ပိုးပေးခြင်း | အမျိုးသား+အမျိုးသမီး | |
| ၂ | စိုက်ပျိုးမွေးမြူရေး သင်တန်း | အမျိုးသား + အမျိုးသမီး | |
| ၃ | လျှပ်စစ်မီး သွယ်တန်းခြင်း | အမျိုးသား + အမျိုးသမီး | |
| | အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း | အမျိုးသမီး | |
| ၅ | ဆေးဝါးလုံလောက်စွာရရှိရန် | အမျိုးသား + အမျိုးသမီး | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး [illegible] လက်မှတ် [illegible] နေ့စွဲ ၃၁.၁.၁၇

# ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)


ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် -

နေ့စွဲ - 7. 2. 2017


စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း - ကယား | မြို့နယ် - | ကျေးရွာအုပ်စု -

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | စုစုပေါင်း |
| | | 3'x3' ... 30'x30'x12' | (326)ဦး | ☐ ကျား ☐ မ ☑ ကျား+မ | 120သိန်း | | - | 120 |
| | | 372', 110' | (232)ဦး | ☐ ကျား ☐ မ ☐ ကျား+မ | 30သိန်း | | - | 30 |
| | | 3.5'x3.5'x18' x20 ... 900' | (...)ဦး | ☐ ကျား ☐ မ ☑ ကျား+မ | 60သိန်း | | - | 60 |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | - | |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | - | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ 7.2.17

# ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)



- ည (၆:၀၀) နာရီ တွင် အစည်းအဝေး ကို ပြန်လည် စတင်ခဲ့ရာ မေးပုံ ကို ဦးဆောင်ချက်

မှ ဦးဆောင် သွားခဲ့ သည်။ VDP တွင်ရှိ (ပါဝင်၊ မပါဝင်) အချက်များ၊ ကျေးရွာ ဝင် သည့် မိန်း များ၊ အကြံ

ပြုချက်များ၊ အကျုံးဝင်/အကျုံးမဝင် များကို ဦးဇော်ချမ်း မှ ဦးဆောင် သွားခဲ့ သည်။

- ကျေးလက်လူထုဖြေးလိုးများ၊ ရပ်ရွာစီမံခန့်ခွဲမှု TPIC အဖွဲ့ဝင်များ ကိုလည်း ဦးဇော်ချမ်း

မှ ဆက်လက် ဦးဆောင် သွားခဲ့ ပါသည်။

- အစည်း အဝေး ကို ည (၁၀:၃၀) နာရီ တွင် ပြီး ကျေးဇူးတင်စကား ဖြင့် ပြီး ဆုံး သွားခဲ့ ပါသည်။

မှတ်တမ်း တင်သူ

[signature]

U Saw Nay Kanyaw Say.

C.F

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ဖိုကျစ်ကျေးရွာ

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံနှင့် လမ်း/တံတား | ၁ | [illegible] | [illegible] | | | |
| | ၂ | ကျေးရွာလမ်း ပြုပြင်ခြင်း | ကျား+မ | | | |
| | ၃ | ကျေးရွာတွင်းတံတားပြုပြင်ခြင်း | ကျား | | | |
| | ၄ | စာကြည့်တိုက်တည်ဆောက်ခြင်း | ကျား | | | |
| | ၅ | [illegible] | ကျား | | | |
| | ၆ | | | | | |
| အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေး | ၁ | စိုက်ပျိုးမွေးမြူရေး သင်တန်း | ကျား+မ | | | |
| | ၂ | အလှပြင်ဆိုင်အခွင့်လမ်းဖွင့်ပေးခြင်း | မ | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ရေရရှိရေး၊ သန့်ရှင်းရေးနှင့် ကျန်းမာရေး | ၁ | ရေစက်ကန်နှင့်ရေပေးဝေရေး | ကျား+မ | | | |
| | ၂ | ဆေးဝါးလုံလောက်စွာရရှိရန် | ကျား+မ | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ပညာရေး | ၁ | ကျောင်းဆောင်သစ်တိုးချဲ့ခြင်း | ကျား+မ | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | အမှိုက်စွန့်ရေးတောင်းနိုင်ပုံးပိုးပေးခြင်း | ကျား+မ | | | |
| | ၂ | လျှပ်စစ်မီးသွယ်တန်းခြင်း | ကျား+မ | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |